www.burmeseclassic.com

# ငွေခင်

မင်းဏီ

သူမကပင် ငွေကိုခင်သည်လော…၊ ငွေကပင် သူမကို ခင်သည်လော မသိ။ သို့သော် သူမနာမည်ကို ကြားလိုက်ရလျှင် ဤကဲ့သို့ပင် တစ်စုံတစ်ယောက်က တွေးမိပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူမ၏ နာမည်မှာ ‘ငွေခင်’ ဟူ၍ခေါ်သောကြောင့် ဖြစ်ပါသည်။

ကလေးသူငယ်နှင့် အရွယ်အိုတို့သည် မကြာခဏ ဆာလောင်တတ်၏။ ထိုကဲ့သို့ပင် ငွေခင်လည်း အမြဲ ဆာလောင်လျက်ရှိသည်။ အစားအစာ ဆာလောင်ခြင်းမဟုတ်ချေ။ ငွေကြေးအတွက်သာ ဆာလောင်ရခြင်း ဖြစ်၏။ သို့သော် အစပထမတွင် ဝမ်းဗိုက်က ဆာလေသည်။ နောက်ပိုက်ဆံနှင့်ဝမ်းဗိုက်၏ ဆာလောင်ခြင်းကို နှစ်သိမ့်ရမှန်းသိ၏။ အကြင်အခါမှစ၍ ငွေကြေးအတွက် ဆာလောင်ရမှန်း သိ၏။ ထိုအခါမှာစ၍ ငွေကြေး စရှာဖွေတတ်ရတော့သည်။

သတ္တဝါအသီးသီးတို့တွင် မိမိတို့ စားစရာရှာဖွေရာ စားကျက်နေရာများ ရှိတတ်ကြသည်။ ဥပမာဆိုလျှင် နွားသည် မြက်ခင်းရှိရာသို့ သွားလိမ့်မည်။ ယင်ကောင်သည် အညစ်ရှိရာ၌ နား၍ လင်းတသည်လည်း အသေအပုပ်ရှိရာတွင် ဆင်း၏။ ထို့အတူ ဗျိုင်းသည်ရေစပ်နားတွင် ကျက်စား၏။ ငွေခင်လည်း ညညတွင် ကျုံးနဘေးသို့ သွားလေသည်။ ထိုနေရာကား သူမ ကျက်စားရာဖြစ်လေသတည်း။

* * *

တင်အောင်သည် ဆိုက်ကားနင်းသူဖြစ်၏။ ညနေက ဆိုက်ကားဘီးပေါက်၍ အစောကြီးသိမ်းပြီး အိမ်ပြန်ရသည်။ ယခု အညောင်းအညာမှပြေစေတော့ဟု ကျုံးနံဘေးတွင် လာရောက်ကာ ခြေလက်ဆန့်၍ ထိုင်နေလေသည်။

ညနေက သူ့အကြောင်းကို တွေးမိနေသည်။ ဝမ်းနည်းစရာကောင်းရမည့်အစား ဤအဖြစ်အပျက်မှာ ရီးနေ၍ နည်းနည်းတော့ ရယ်ချင်မိသည်။

သူသည် မောပန်း၍အိမ်သို့ပြန်လာစဉ် အိမ်ရှေ့တွင် အကြွေးရှင်ဒေါ်ဖွားပုက ရှိနေသောအကြွေးကို အပြေမဆပ်က နောက်ထပ် ဆန်ကြွေး မပေးဟုဆိုကာ သူ့အိမ်ရှေ့ကပြင်တွင် ထိုင်နေသည်။ ထိုအချိန်က သူ့အိတ်ကပ်တွင် နှစ်ရက်ပေါင်း စုထားသည့် ငွေကလေး ငါးကျပ် ရှိသည်။

တင်အောင်မှာ အိမ်ထောင်သည် မဟုတ်ချေ။ တဲအတွင်း မီးဖိုချောင်ထဲ၌ ချက်ပြုတ်နေသူမှာ သူ၏ နှမငယ်ဖြစ်သည်။ နှမငယ်သည် တင်အောင်ကို မြင်လျှင် ဆန်အိုးကို တိတ်တိတ်ကလေးမှောက်ပြသည်။ အိမ်ရှေ့မှဒေါ်ဖွားပု မမြင်စေလို၍ဖြစ်၏။ ဤတွင်မှ တင်အောင် လန့်သွားတော့သည်။ အိတ်ထဲမှာပါသည့် ငွေ ငါးကျပ်ကို ကပ်ထား၍ မဖြစ်နိုင်တော့မှန်းသိလာ၍ ဒေါ်ဖွားပုအား လှမ်းပေးလိုက်ရတော့သည်။

ဒေါ်ဖွားပုသည် အကြွေးစာရင်းမှတ်သော တစ်မူးတန် ဗလာစာအုပ်ကို ဘယ်ပြန်ညာပြန် လှန်လှော၏။ ထို့နောက် ခေါင်းတွင်ထိုးလာသည့် ခဲတံကို ယူလိုက်ပြီး၊ အဖျားကိုတံတွေးတွေ နာနာဆွတ်၍ စာအုပ်ထဲတွင် ‘ငါးကျပ်ပေးပြီး’ဟု မှတ်လိုက်၏။ ယခုမှ ညစာအတွက် ဆန်

www.burmeseclassic.com

www.burmeseclassic.com



ကြွေးယူ၍ ရတော့သည်။

ဝမ်းအတွက် တစ်နေ့တော့ စိတ်အေးသွားပြန်ပြီ။ မနက်ဖြန်အတွက် မနက်ဖြန်ကသာ ပူလိမ့်မည်ဟူသော အတွေးများကြောင့်လားမသိ။ တင်အောင်မှာ ဘာပူမှ မရှိသော လူတစ်ယောက်အလား ကျုံး၏နံဘေးတွင် ည၏ အလှကို ရှုစိမ့်လျက် အတွေးများကို ကျယ်ပြန့်နေလေတော့သည်။

* * *

ညဉ့်သည် မှောင်မိုက်လျက်ရှိ၏။ ၂၆–ဘီလမ်းမှ ဓာတ်မီးတိုင် ကျဲတဲတဲနှင့် နီကြင်ကြင်သည် ကျုံးဘေးရှိ လမ်းမကို မှောင်စေ၏။ မြက်ခင်းပြင်ကိုလည်း မည်းစေ၍ သစ်ပင်များအောက်တွင် မိုက်လျက်ရှိတော့၏။

ငွေခင်သည် ထိုနေရာဝယ် လမ်းလျှောက်၏။ ခပ်မှောင်မှောင်ဝယ် ကျင့်သားရနေသော သူမ၏မျက်လုံးသည် ဝိုးဝိုးဝါးဝါး တွေ့ရသမျှလူကို ကုလား မြန်မာခွဲခြား၍ သိတတ်လေသည်။

ကျုံးရေကို ကျော်ဖြတ်လာသော လေသည် ရေခိုးရေငွေ့ပါ၍ အေးတေးတေးရှိ၏။ အေးသောလေသည် သူမကို ဖြန့်ဖြူးသွားသည်။ သူမကလည်း အေးသော လေထဲတွင် အပေါ်စား ပေါင်ဒါနံ့ကို တုံ့လှယ်၍ ဖြန့်ဖြူးလေသည်။ ထို့ကြောင့် သူမ၏ပတ်ဝန်းကျင်တွင် အမည်မဖော်ကတတ်သော ပန်း၏ရနံ့မျိုးဖြင့် ကြိုင်၏။

တင်အောင်သည် နဂါးနီဆေးပေါ့လိပ်ကို မီးတွေ ရဲခနဲနေလောက်အောင် ဖွာလိုက်သည်။ ငွေခင်က ၎င်းကို မြင်ပြီးဖြစ်၏။ ထိုနောက် သူမလက်တွင်ပါလာသော ဆေးပေါ့လိပ်ကို ပါးစပ်က တပ်ရင်းလျှောက်လာခဲ့သည်။ ကျုံးထဲမှ ငါးတစ်ကောင်သည် ရေမျက်နှာပြင်ပေါ်သို့ ခုန်ထွက်ပြီးပြန်လည် ငုပ်သွားတော့သည်။

"ဆေးလိပ်မီး တတို့ပေးပါလားရှင်..."

ငွေခင်က ပေးမည် မပေးမည်ကို မသိသေးဘဲ လက်လှမ်းကာ တောင်းသည်။

သူမကိုယ်မှ ပေါင်ဒါအပေါ်စားနံ့သည် ကြိုင်၏။ တင်အောင်သည် ထိုအနံ့ကို ရှူမိ၏။ အမည်မဖော်နိုင်သော ပန်းတစ်မျိုး၏ရနံ့ပင် ဖြစ်သည်။ သူသည် ငွေခင်ကို လှည့်မကြည့်ဘဲနှင့် ဘယ်လို "ငွေခင်'နည်းဟု ရိပ်မိပြီးဖြစ်၏။

လူရည်လည်သော ဆိုက်ကားသမားများသည် ၎င်းတို့၏ နှာခေါင်းနှင့်မျက်စိကို သာမန်လူတွေထက် အသုံးချတတ်ကြ၏။ ဤတွင် ကစ်ယောက်တည်း အဖော်မပါဘဲ လမ်းလျှောက်လာသော မိန်းမတစ်ယောက်အတွက် တင်အောင်က မအံ့သြတော့ချေ။

တင်အောင်သည် ဆေးလိပ်ကို နှစ်ချက်ဆင့် ရှိုက်ပြီး လှမ်းပေးလိုက်၏။ သူ့စိတ်ထဲတွင် စကားစကို လိုက်ရှာသည်။ ဤလိုစကားများအတွက်သူ့အဖို့ကြာရှည်မစဉ်းစားရချေ။

"ကျုပ်တို့အရပ်မှာ ဆေးလိပ်မီးတောင်းတာမျိုး ကြားဖူးသလား"

"ဟင့်...အင်း..."

ငွေခင်က ပြောလိုက်သည်။

တင်အောင်က ပြန်ပေးသောဆေးလိပ်ကိုယူရင်း... ခပ်အေးအေးအမူအရာနှင့်– "တော့် ဆေးလိပ်နဲ့ ကျုပ်ဆေးလိပ်ချင်း ညားရအောင်လို့ ပြောကြတယ်..."ဟု မရယ်သလို ရယ်သလိုနှင့် အကဲခတ်သောမျက်လုံးတို့ဖြင့် ပြောလိုက်သည်။

သူမသည် တင်အောင်၏ ပြက်လုံးကို နှစ်ခြိုက်စွာ ရယ်၏။ တစ်ခါရယ်မောခြင်းကို ရပ်တန့်ပြန်သည်။ တွေးတောသလိုလုပ်နေပြီးမှ အဓိပ္ပာယ်တွေ ဗရုပ္ပ ပေါ်လာပြန်ဟန်နှင့် ရယ်မောပြန်လေသည်။

တင်အောင်သည် သူ့အပါးမှမသွားသေးသောငွေခင်ကို မသွားပါစေနှင့်ဦးဟု စိတ်တွင်းက ဆုတောင်းသည်။ သူမကလည်း စင်စစ် ဤနေရာမှ မသွားချင်သေးပေ။ သို့သော် နောက်ထပ်ဘာမျှ စကားမပြောဘဲ ရပ်နေမည်ဆိုက သင့်တော်လှသည်မဟုတ်ချေ။ သို့ဖြစ်၍ စကားဆက်တစ်ခုအတွက် လိုက်လံ၍ရှာဖွေရပြန်သည်။ ထိုအခိုက် ငွေခင်ပန်ထားသော ပန်းကလေးပြုတ်၍ တင်အောင်၏ဘေးသို့ ကျလာသည်။ လက်ကကိုင်၍ ပန်ရင်းက ကျလာသည်မှာ တမင်လွှတ်မချဘဲနှင့်တော့ ကျတန်ရာမည်မဟုတ်ချေ။

တင်အောင်က ပန်းကလေးကို ကောက်လိုက်၏။ နမ်း၍ကြည့်သည်။ ဘာအနံ့မျှ မရှိချေ။ လေအေးသည် အဆက်မပြတ် တိုက်ခတ်လျက်ရှိ၏။ တင်အောင်သည် ခေါင်းကိုမော့၍ လေအေးကလေးနှင့်အလိုက်သင့်ပေးလိုက်သည်။ ယမင်းတစ်ယောက်ယောက်ကပင် [illegible]ခမ်းကလေး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြင်ပြီး၊ သူ့ကိုယ်ပေါ်မှစီးကာ နဖူးပြင်ကို လေမှုတ်ပေးနေတော့သလိုလို...။ ဤအတွေးတို့သည် နုနယ်သိမ်မွေ့စွာ သူ့စိတ်ကူးကိုယဉ့်စေ၏။ သူ့အား ဆန့်ကျင်ဘက်လိင်ကို တမ်းတစေတော့သည်။ သူက အရဲတွေစွန့်ပြီး စကားစပြန်သည်။

"ပန်းကလေးဟာ ဒီအတိုင်း သူ့ဘာသာပြန်ပြီးတော့ ခေါင်းပေါ်ရောက်နိုင်မှာ မဟုတ်တော့ဘူး"

သူ့အတွေးတွင်သိမ်မွေ့၍လည်းနေသည်။အဓိပ္ပာယ်ကိုလည်း ဆောင်ပါသည်။ သူ့ရည်ရွယ်ပုံကတော့ သူ့လက်နှင့် ပန်ပေးချင်၍ပဲဖြစ်သည်။ သို့သော် ငွေခင်က ဘာမျှပြန်မပြော။ ပြောလည်းမပြောတတ်။ ဤတွင် အပေးအယူ မရှိကြပြန်တော့။

"ဒီလိုပန်း ကျုပ်လက်ထဲ ရောက်လာလို့ မထူးနိုင်တော့ပါဘူးဗျာ..."

ညည်းသလိုပြောရင်း ငွေခင်ကို အကဲခတ်၏။ စင်စစ်က သူလိုချင်သော အဓိပ္ပာယ်ကိုဆွယ်နေခြင်း ဖြစ်သည်။ ငွေခင်က မသိချေ။ သို့သော် ရိုးသားစွာ မေးလိုက်သည်။

"ဘာဖြစ်လို့လဲ..."

"ဩော်... ကျုပ်အတွက်ပန်ပေးရမဲ့သူမှ မရှိဘဲကိုး"

ငွေခင်က ယခုမှ အဓိပ္ပာယ်ပေါက်သည်။ ရယ်ပစ်လိုက်၏။ ထို့နောက် ကျလုလုဖြစ်နေသော တင်အောင့်အပေါ် ရဲတင်းလာ၏။ သူမသည် ဆေးလိပ်ကို ရေထဲလှမ်းပစ်လိုက်ရင်း တင်အောင်၏ဘေးတွင် ထိုင်လိုက်၏။

"ကိုင်းပါဗျာ... သူ့ဥစ္စာရှင်ကိုပဲ ပန်ပေးပါတော့မယ်"

တင်အောင်က ရဲတင်းသော ငွေခင်ကို ရင်းနှီးသလို ပန်ပေးတော့မည့်ဟန် ပြု၏။

ဆန့်ကျင်ဘက်လိင်နှစ်ဦးတို့သည် တူညီသော စိတ်ကူးဆန်းများဝင်ကြ၏။ ထိုအခါနှစ်ဦးသည် ဆန်းကြယ်သောစိတ်ကူးကို ညှိနှိုင်းရန် ကြိုးစားကြသည်။ ဤအခါတွင် လူ့စည်းကမ်းကို ယဉ်ကျေးနိုင်သမျှ ယဉ်ကျေးကာ ချိုးဖျက်အံ့သော လူ့စည်းကမ်းကို တစ်ဦးတစ်ဦး ထုတ်ဖော်ကြ၏။ အရိုင်းဆုံးသူများပင် ထိုအခိုက်အတန့်ဝယ် အနုနယ်ဆုံးနှင့်အယဉ်ကျေးဆုံး စကားတို့ကိုသုံး၏။ ထိုစကားလုံးတို့သည် ကြွယ်ဝသလောက် အဓိပ္ပာယ်ကို ဆောင်နိုင်စွမ်းတော့သည်။ နောက်တွင် စည်းကမ်းကို သိမ်မွေ့စွာ ချိုးဖျက်လိုက်ကြတော့သည်။

ငါးတစ်ကောင်သည် ကျုံးလယ်မှာ ပွက်သွား၏။ ရေထဲရှိမီးရောင်နှင့် ကြယ်ရောင်ကလေးများ ယိမ်းထိုး၍ ပျောက်ကွယ်နေကြ၏။

"ပန်းပန်ခက ဈေးကြီးတယ်ရှင့်"ဟု ပြောလိုက်သော ငွေခင်၏အသံကြောင့် တင်အောင်၏ လက်သည် ရဲတင်းခြင်းမှ နုံနဲ့ခြင်း ဖြစ်သွားတော့၏။

သူသည် အကြွေးရှင် ဒေါ်ဖွားပုကို ဒေါ်ဖေါင်းတော့သည်။ သံဘူးထဲမှ ချိုချဉ်နှင့်ချောကလက်ကို စားချင်သောကလေးသည် ဖွင့်မရဆိုကာမှ စိတ်တွေ တစ်မျိုးဖြစ်သွားရသည်ကဲ့သို့ တင်အောင်တွင် တစ်မျိုးပဲဖြစ်သွားတော့သည်။

သို့သော် တင်အောင်မှာ ချဉ်သီးနှင့်ဆား ဖြစ်သွားပြီ။ သူသည် အရည်ပျော်နေသော ဆားပုံကလေးကဲ့သို့ ပြန်လည်၍ ဆားပွင့်ကလေး မဖြစ်နိုင်တော့ချေ။ ပွင့်လည်း မပွင့်ချင်တော့ချေ။ ဆားရည်ကလေး ဖြစ်သွားချင်ပြီ။ သို့သော် ဒေါ်ဖွားပုကိုသာ ဒေါ်ဖေါင်းတော့၏။ ဘာမျှ မတတ်နိုင်ချေ။ သူသည် အင်္ကျီကိုစမ်း၏။ ရင်ဘတ်ကို ပွတ်၏။ ငွေခင်သည် မီးရောင် မကျတကျတွင် ပြောင်နေသော ကြယ်သီးကလေးများကို ကြည့်၏။

နောက်တွင် ငွေခင်ပြောသမျှကို တင်အောင်က အင်းလိုက်၍ ငွေခင်ရှေ့ဆောင်ရာသို့ လိုက်သွားတော့သတည်း။

* * *

သစ်ပင်ရိပ်သည် မှောင်နေ၏။ တင်အောင်၏ အင်္ကျီရင်ဘတ်ကို ငွေခင်က ဆွဲထား၏။ ဆံပင်တွေ ဖရိုဖရဲနှင့် ဖြစ်နေသောငွေခင်မှာ ယခုကြောက်စရာကောင်း၏။ တွေ့စကကဲ့သို့ သိမ်မွေ့ခြင်းမရှိ၊ ဒေါသဖြစ်နေပုံရ၏။

"ဒါပဲနော်၊ ရှင်ခုနကတော့ ကျုပ်တောင်းတာ ပေးမယ်ဆိုပြီး အခုတော့မလုပ်နဲ့၊ အခုမှ ဘာတစ်ပြားမှ မပါဘူးလဲ"

ပိုင်ပြီဆို၍ ငှက်ပျောသီးခိုးစားသော ကိုရင်သည် ဦးပဉ္စင်းနှင့်မိသကဲ့သို့ တင်အောင်မှာ ရှက်လည်း ရှက်သည်။ ကြောက်လည်း ကြောက်ရတော့သည်။ သို့သော် စားချင်လှသော ကိုရင်ကား အဘယ်မှာ သွားရည်သိမ်းနိုင်ရှာမည်နည်း။

မနက်ဖြန်ဆက်ဆက် ဒီနေရာ ဒီအချိန် ကျုပ် လာပြီးတော့..." စကားမှ မဆုံးသေးခင်...

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး..." ဒေါသတကြီး အော်လိုက်သည်။ ငွေခင်၏ အော်သံသည် ပထမ ကြားလိုက်ရစဉ်က တင်အောင် မကြောက်၊ နောက် မြို့ရိုးတံတိုင်းနှင့် ပဲ့တင်ထပ်လာခါမှ လန့်သွားမိတော့၏။ ဘုရား ဘုရား... လူတွေများ ကြားကော့မှာလား။

"အော်လိုက်မှာနော်၊ အကျီရင်လည်းချွတ်ပေးခဲ့ ဒါပဲ၊ အော်လိုက်ရင် ရှင်ဒုက္ခရောက်သွားမယ်၊ ကျုပ်ကို မဟားတရား ပြုပါတယ်ဆိုရင် တစ်ခါတည်း ပုလိပ်လက်ထဲမယ် လက်ထိပ်နဲ့ ပါသွားမယ်"

သူမ၏ ခြောက်လုံးကား ကြောက်စရာကောင်းလှတော့သည်။ ခက်ကပြီ...တင်အောင်သည် ချွေးသီးများပင် ကျလာ၏။

သူသည် ခေါင်းကို ကုတ်၏။ စဉ်းစား၏။

"ကျွန်မ အိမ်ကို လိုက်ခဲ့ရမလား"

တင်အောင်က စဉ်းစားသည်။ သူ့အိမ်တွင်လည်း တစ်မူးတောင် ရှိမည်မဟုတ်ချေ။ နမငယ်သိသွားပြန်လည်း ဘယ်မှာကောင်းတော့မည်နည်း။ ထို့ကြောင့် ခေါင်းယမ်းပြ၏။

"ကိုင်း... ရှင် အကျီရင်လည်း ချွတ်ပေးခဲ့"

မရလျှင် ဒသကချိုင်တော့အံ့ဟု ငွေခင်က ဆုံးဖြတ်ဟန်ရှိ၏။ သို့သော် တင်အောင်သာ ဒီအကျီပေးလိုက်က အကောင်းဆို၍ ဘယ်မှာဝတ်စရာ ရှိပါတော့မည်နည်း။

ငွေခင်သည် အကျီရင်ဘတ်ဆွဲထားရာမှ လွှတ်လိုက်၏။ ဆံပင်များကို သပ်ရပ်စွာ ပြုပြင်၍ လျော့ရဲနေသော အကျီလုံချည်များကို ပြင်၍ဝတ်၏။ ငွေခင် ခေါင်းငုံ့နေတုန်း တင်အောင်က သူ၏အကျီမှ ရင်ထောင်ကြယ်သီးကို ခပ်သုတ်သုတ်ဖြုတ်၍ အကျီအိတ်တွင်းထည့်၏။ တစ်ခါ စိတ်မလုံသလိုဖြင့် ပါးစပ်ထဲတွင် ထည့်လိုက်ပြန်၏။ ၎င်းကို အကင်းပါးသော ငွေခင်က ရိပ်မိလိုက်သည်။

မေးကို လက်နှစ်ဖက်နှင့်ညှစ်ကာ မရမက "ပေး... ပေး..."ဟု တောင်းတော့သည်။

"ဘာရမလဲ ငွေခင်တဲ့...၊ ပါးပြီးသားပဲ"

"ဒါတော့ မလုပ်ပါနဲ့ဗျာ၊ ကျုပ် ပထမရတဲ့ လခထဲက တစ်ဝက်ခွဲပြီးတော့ လုပ်ထားရတာ၊ ခြောက်မူးသားတောင် ရှိတယ်"

တောင်းပန်သလိုနှင့်ပြောသည်။ သူသည် စာရေးတစ်ယောက်၏ လေသံမျိုး သုံးလိုက်ခြင်းဖြစ်၏။

"ကျုပ်က ရှင့်ပစ္စည်းကိုလိုချင်လွန်းလို့များ တောင်းနေတာ မှတ်လို့လား၊ ကျုပ်ရထိုက်တဲ့ ပိုက်ဆံအတွက်ကို တောင်းတာ၊ ရှင်မှ မပေးနိုင်ဘဲနဲ့"

"ပေးနိုင်တဲ့ လူစားပါဗျာ၊ ကနေ့မှ ဒီလိုလည်း နဂိုက မရည်ရွယ်ဘဲနဲ့ ထွက်လာခဲ့ကာ၊ ကျုပ်ဘယ်မှာ ဒီလောက် အဖိုးတန်ကို ပေးနိုင်မလဲ စဉ်းစားကြည့်လေ"

"ပေးရမယ်လို့ မဆိုပါဘူးရှင်... နက်ဖြန်ကျတော့မှ လာရွေးလှည့်ပေါ့။ ဒီနေရာက စောင့်နေမယ်။ ရှင့်အိမ်တော့လည်း လိုက်မှ မလိုက်စေချင်ဘဲကိုး"

"ဘယ်ဖြစ်မလဲဗျ၊ ကျုပ်မနက်ဖြန် ဆက်ဆက် လာပေးမယ်ဆိုရင် ပြီးရောပေါ့..."

"မရဘူး...မရဘူး၊ အော်လိုက်မယ်နော်၊ ကျွန်မက ခားပြတိုက်နေတာ မဟုတ်ဘူး၊ ရှင်ကသာ ကျွန်မကို ညာတာ။ ဒါပေမဲ့ အဲဒီအတွက် ဂါတာတော့ ပေးခဲ့ရမယ်။ နက်ဖြန်မှ လာရွေးလှည့်"

ရော... ခက်ကပြီ၊ တင်အောင် မကြံတတ်တော့သလို ကြယ်သီးကလေးကိုဆုပ်ထား၏။ထိုဆုပ်ထားသောလက်ကို ငွေခင်က ဂိုင်တား၏။

"ကိုင်း ဒါဖြင့် ကျုပ်ကြိုးကလေး တစ်ဖုံဖြတ်ပေးမယ်။ ငါးကျပ်တော့မကဘူး ဟန်တယ်"

"ဟင့်အင်း... ရှင့်ကြိုးကလေး တစ်ဖုံက ဘာတန်မလဲ... တစ်လုံးဆိုတော်သေးရဲ့..."

"ဟာ... တစ်လုံးဆို ဆယ့်ငါးကျပ်လောက် တန်နေပြီ...."

"ကဲ... နောက်ဆုံးမေးမယ်။ ရှင် တစ်လုံးပေးမလား၊ မပေးဘူးလား..."

တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးသူကဲ့သို့ သူမသည် တင်အောင်၏လက်ကို ကိုင်ထားရာမှ လွှတ်လိုက်၏။ ခါးကို ထောက်၍ ရင်ကို နည်းနည်းမောက်လိုက်သည်။ အချိန်ပေးထားသလိုဖြစ်၏။

"ဒါဖြင့် ကျုပ် တစ်လုံးဖြတ်ပေးမယ်...။ ဒါပေမဲ့ ကျုပ် ငွေနဲ့ ပြန်လဲမယ်"

"ကောင်းပြီလေ..."

"ခင်ဗျားနေတဲ့ အိမ်ကိုလည်း ကျုပ်ကိုပြောသွား၊ တော်တော်ကြာ ဒီမှာမတွေ့ရင်ဘယ့်နှယ့်လုပ်မလဲ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အင်း... ပြောမယ်။ ကျွန်မ နေတာ ဟိုအာဠဝီလမ်းထဲက စာတိုက်ကြီးရဲ့ရှေ့က ဝင်းထဲမယ်နေတယ်။ အဲဒီထဲမယ် အမေသင်ရဲ့အိမ်လို့မေးရင် ရတယ်။ ကျွန်မ နေ့လယ်ဆိုရင် ရှိမယ်"

"ကောင်းပြီလေ... ကျပ်ပြန်ရွေးရင်သာ မငြင်းပါနဲ့..."

စိတ်မရှည်တော့သကဲ့သို့ "အင်းပါ၊ ကဲ... မိုးတောင်တော်တော်ချုပ်ပြီ။ ပေးမှာသာ ပေးပါ။ ကျွန်မက ဒီအစားပေးမယ့် သူများပစ္စည်းကို မတရားမယူပါဘူး"

တင်အောင်သည် ခဲခဲယဉ်းယဉ်း ကြယ်သီးကလေးကို ကြိုးများနှင့် တွဲထားရာမှ ပါးစပ်နှင့်ကိုက်ဖြတ်၏။ ထိုနောက် မပေးချင်ပေးချင်ဖြင့် ပေးလိုက်ရသည်။

ငွေခင်သည် ကြယ်ရောင်အောက်တွင် ဝင်းနေသော ကြယ်သီးကလေးကို နှစ်ခြိုက်စွာ လက်နှင့်ဆုပ်၏။ စိတ်ထဲမှ ကျိတ်၍ဝမ်းသာနေသည်။ ရောင်းလိုက်ရလျှင် အနည်းဆုံး ၁၂ ကျပ်လောက်တော့ ရမည်။

ရုတ်တရက် မိမိနေသည့်အိမ်နှင့်အရပ်ကို ညာလိုက်ပုံကို သဘောကျနေ၏။ အသုံးကျသောအခါတွင် မနေးကွေးသော သူ့စိတ်ကူးအတွက် ဝမ်းသာနေ၏။ တော်တော်ကြာကြာပင် လက်ထဲမှကြယ်သီးကလေးကို ကြည့်နေရသဖြင့် သူမရှေ့မှာ ရပ်နေခဲ့သောလူ ဘယ်အချိန်က ထွက်သွားမှန်းပင် မသိလိုက်ချေ။ သို့သော်ကိစ္စမရှိ၊ အလဲအလှယ်ကိစ္စ ကျေနပ်ပြီးဖြစ်သည်။ ထို့ကြောင့် လမ်းဘက်ဆီသို့ ထွက်ခဲ့တော့သည်။

လမ်းဓာတ်မီးတိုင်အောက်တွင် ခေတ္တရပ်ကာ ဘော်လီအင်္ကျီအိတ်ထဲထည့်ပြီး ကြယ်သီးကလေးကို ထုတ်၍ ကြည့်ပြန်၏။ ငွေခင်၏မျက်နှာမှာ နီမြန်းသွားတော့သည်။ "ဟောတော့..." ဟူသော အာမေဋိတ်သံ နှင့်အတူ ကြယ်သီးကလေးလွတ်ကျသွား၏။ နောက်မှ "သတ္တုကြီး" ဟူ၍အော်လိုက်သည်။

ကျုံးရေထဲမှ ငါးတစ်ကောင် ပွက်သွားပြန်သည်။ သူမ မကြားတော့ချေ။ ကျုံးဘက်မှ ပြန်လာသော "ဟောတော့...သတ္တုကြီး" ဟူသော ပဲ့တင်သံက သူမကို ခြောက်လှန့်လိုက်တော့သတည်း။

❖

အတွဲ-၆၊ အမှတ်-၆၅၊ ၁၉၅၂၊ အောက်တိုဘာ၊
ရှုမဝမဂ္ဂဇင်း

www.burmeseclassic.com